**မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအစီအစဉ်အရ ဖွင့်လှစ်သည့်**

**"Training on Project Proposal Writing "**

**သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ**

**"Training on Project Proposal Writing"** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၁-၁၁-၂၀၂၂ ရက်နေ့ နေ့လယ် (၁၂:၀၀)နာရီအချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ မှ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ ရုံးအမှတ် (၃၂) ၊ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ ၅ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာဦးတင်ကိုဦးက သင်ကြားပို့ချမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

သင်တန်းသားများအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများမှရရှိနိုင်မည့် လုပ်ငန်းများနှင့် သက်ဆိုင်သည့် အစီရင်ခံစာများအား နားလည်သဘောပေါက်နိုင်စေရန်နှင့် စီမံကိန်းများအဆိုပြုရန်အတွက် လိုအပ်သည့် အချက်အလက်များ၊ အစီရင်ခံစာများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ပြန်နိုင်စေရန်၊ ရရှိလာသော စီမံကိန်းဆိုင်ရာ အချက်အလက်များကို စီမံခန့်ခွဲနိုင်သည့် အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

Project Proposal ရေးသားရာတွင် လိုအပ်သော အင်္ဂလိပ်စာအရေး အသားများကို သင်ကြားပေးသွားမည်ဖြစ်ပြီး Project အဆိုပြုသည့် စာတမ်းနမူနာပုံစံများ၊ အစီရင်ခံစာများ ရေးသားသည့် ပုံစံ၊ အဆိုပြုတင်ပြသည့် အရေးအသား၊ Formal / Informal စကားလုံးအသုံးပြုပုံ၊ Charts၊ Graphs၊ Tables များဖြင့် Steps of a Project Cycle Management Logical Chain for Writing a Proposal Key elements of a (sample) proposal format စသည့် ရေးသားနည်းတို့ကို သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်မှ (၂၀) ဦး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ (၁)ဦး၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနမှ(၁)ဦး၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ(၁)ဦး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ(၁)ဦး၊ ငွေတိုက်ဦးစီးဌာနမှ(၁)ဦး၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ(၁)ဦး၊ မြန်မာ့စီးပွားရေးဘဏ်မှ(၁)ဦး၊ အကောက်ခွန်ဦးစီးဌာနမှ (၁)ဦး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ(၁)ဦး၊ ပင်စင်ဦးစီးဌာနမှ(၁)ဦးတို့ဖြင့် အရာထမ်း၊ အမှုထမ်းစုစုပေါင်း (၃၀)ဦးတက်ရောက်ခဲ့ပါသည်။